# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

# တိုကျိုမြို့

## ဂျပန်နိုင်ငံ၊ အလုပ်သင်အလုပ်သမား ကြီးကြပ်ရေးအဖွဲ့ (Organization for Technical Intern Training- OTIT) ၏ Emergency Consultation Hotline ဖုန်းနံပါတ်များ ကြေညာခြင်း

၁။ ဂျပန်နိုင်ငံ၊ အလုပ်သင်အလုပ်သမား ကြီးကြပ်ရေးအဖွဲ့ (Organization for Technical Intern Training- OTIT) သည် မြန်မာနိုင်ငံမှ နည်းပညာအလုပ်သင် သင်တန်းသား ခေါ်ယူရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံမှ လုပ်သားခေါ်ယူသည့် Supervising Organization၊ Implementing Organization များအား စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ OTIT အနေဖြင့် နည်းပညာအလုပ်သင် သင်တန်းသားများ အလုပ်ခွင်အတွင်း အဓမ္မစေခိုင်းခံရမှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခံရမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှု၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ခံရမှု စသည့်ကိစ္စရပ်များ ဖြစ်ပွားပါက အရေးပေါ်ဆွေးနွေးတိုင်ပင်နိုင်ရန် Emergency Consultation Hotline ဖုန်းများဖြင့် အခမဲ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

၃။ မြန်မာအလုပ်သမားများအနေဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း Hotline ဖုန်းနံပါတ် **0120-250-302** သို့ နံနက် ၁၁: ၀၀ နာရီမှ ညနေ ၀၇: ၀၀ နာရီထိ ဆက်သွယ်ဆွေးနွေး တိုင်ပင်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို https://www.otit.go.jp/koueki_tsuhou သို့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိနိုင်ရန် ကြေညာအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
013
TOKYO

မြန်မာသံရုံး၊ တိုကျိုမြို့

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်